# PRESS RELEASE

## U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

**ချက်ချင်းထုတ်ပြန်ရန်**
**ဩဂုတ် ၂၊ ၂၀၁၉**

**အာမခံလုပ်ငန်းပြုပြင်ပြောင်းလဲရေးအတွက် ယူအက်စ်အေ့ဒ်က အကူအညီပေးခြင်း**

ရန်ကုန်။ ။ ယှဉ်ပြိုင်မှုအပြည့်အဝရှိသော အာမခံလုပ်ငန်းဈေးကွက်တစ်ခုသည် မြန်မာပြည်သူများ၏ဘဝကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်ပါသည်။ မိသားစုတွင် မမျှော်လင့်ဘဲ ရုတ်တရက် ဖြစ်ပေါ်လာနိုင်တတ်သော ဘေးအန္တရာယ် အဖြစ်အပျက်များ ကျရောက်ခဲ့ပါက အာမခံထားရှိထားလျှင် လွယ်ကူစွာကိုင်တွယ်ဖြေရှင်းနိုင်ပါသည်။ အာမခံကုမ္ပဏီများက အာမခံပရီမီယံကြေးများကို အစိုးရငွေတိုက်စာချုပ်များတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် နိုင်ငံတော်အတွက်လည်း လမ်းများနှင့် လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းကဲ့သို့သော ပြည်သူ့ကဏ္ဍလုပ်ငန်းများ ပိုမိုတိုးတက်ရေးအတွက် အသုံးပြုနိုင်သည့် ရေရှည်ဘဏ္ဍာရေး၏ အရင်းအမြစ်တစ်ခု ဖြစ်နိုင်ပါသည်။ အာမခံလုပ်ငန်းကဏ္ဍတိုးချဲ့ခြင်းဖြင့် အရည်အသွေးမြင့် အလုပ်အကိုင်များ ပိုမိုပေါ်ပေါက်လာရန်လည်း မျှော်လင့်ပါသည်။

မြန်မာနိုင်ငံ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနှင့်နိုင်ငံခြား အာမခံကုမ္ပဏီများမှ ထိပ်သီး စီးပွားရေးသမားများ တက်ရောက်ကြသည့် မြန်မာနိုင်ငံအာမခံလုပ်ငန်း အလုပ်ရုံ ဆွေးနွေးပွဲတွင် အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ (ယူအက်စ်အေ့ဒ်) ၏ ဌာနေညွှန်ကြားရေးမှူး ထရီဆာမက်ဂီ တက်ရောက်၍ မှတ်ချက်စကား ပြောကြားခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကို Deloitte အဖွဲ့၊ ဗြိတိသျှကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း မြန်မာ နှင့် ယူအက်စ်အေ့ဒ် တို့၏ ကူညီပံ့ပိုးမှုဖြင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနက ကမကထပြုလုပ်၍ ယနေ့ကျင်းပခြင်းဖြစ်ပါသည်။ အာမခံလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးစေ့ဆော်မှုပေးရန်အတွက် လိုအပ်နေသည့် ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်ရာတွင် ကြိုးပမ်းအားထုတ်ခဲ့ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အခြား မြန်မာတာဝန်ရှိပုဂ္ဂိုလ်များကို ဌာနေညွှန်ကြားရေးမှူး မစ္စမက်ဂီက ကျေးဇူးတင်အသိအမှတ်ပြုခဲ့ပါသည်။

"လူမှုဘဝတွေမြင့်တင်ရေး၊ လူမှုအသိုက်အဝန်းတွေ ပိုမိုအားကောင်းလာစေရေးနဲ့ အမှီအခိုကင်းကင်းရပ်တည်နိုင်ရေးအတွက် အရှိန်အဟုန် မြှင့်တင်ရာမှာ ပုဂ္ဂလိကလုပ်ငန်းအခန်းကဏ္ဍဟာ အားအကောင်းဆုံးအင်အားစုတစ်ခုလို့ မိမိတို့ ယူအက်စ်အေ့ဒ်က ယုံကြည်ပါတယ်" ဟု ဌာနေညွှန်ကြားရေးမှူး မစ္စမက်ဂီက ပြောပါသည်။ "ပိုမိုကောင်းမွန်တဲ့ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုကို မက်လုံးပေးဆွဲဆောင်မှုဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးစီးဆင်းမှုလမ်းကြောင်းအသစ်တွေကိုဖွင့်ပေးပြီး ပိုမိုကောင်းမွန်တဲ့ ချဉ်းကပ်မှုနဲ့လက်တွဲဖက် ရွေးချယ်ရာမှာ အထောက်အကူ ပြုပါတယ်"

မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်း၏ အစိတ်ပိုင်းတစ်ရပ်ဖြစ်ပြီး အာမခံလုပ်ငန်းဥပဒေအသစ် ရေးဆွဲခြင်းနှင့် အာမခံလုပ်ငန်းကဏ္ဍထိန်းညှိရေးဆိုင်ရာ လုပ်နိုင်စွမ်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တို့ပါဝင်သည့် အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလမ်းပြမြေပုံကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက ရေးဆွဲအကောင်အထည်ဖော်ရာတွင် ယူအက်စ်အေ့ဒ်က ၎င်း၏ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်မှု အစီအစဉ်ကတစ်ဆင့် နည်းပညာကျွမ်းကျင်သူများ ကူညီပံ့ပိုးပေးခဲ့ပါသည်။

ယူအက်စ်အေ့ဒ်သည် မြန်မာနိုင်ငံအတွင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးနိုင်ရန်အတွက် တစ်နှစ်လျှင် ဒေါ်လာ ၂၂ သန်းကျော် ရင်းနှီးသုံးစွဲပါသည်။

### ပြီး ###

USAID

အမေရိကန် နိုင်ငံသားများမှ